ISP RESEARCH NETWORK PROGRAM

လူမှုစီးပွားသုတေသနလေ့လာမှု

ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်း စစ်တမ်းတွေ့ရှိချက်

# ‘နိုင်ငံကျွမ်းဆောက်၊ ပြည်ကြာလျှင် မှောက်ကရော့မည်’

စက်တင်ဘာလ၊ ၂၀၂၄ ခုနှစ်



Design: San Win. Photo: AFP

## စစ်တမ်းတွေ့ရှိချက်အကျဉ်း

စစ်ကောင်စီ၏ ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဧပြီမှ ဇွန်လအတွင်း ပြည်သူများ ရင်ဆိုင်ကြုံတွေ့ရခဲ့သော လူမှုစီးပွားအခြေအနေများကို သိရှိနိုင်ရန် ISP-Myanmar ၏ Research Network အစီအစဉ်က လေ့လာခဲ့သည်။ မြို့နယ်ပေါင်း ၁၁၀ ရှိ ပြည်သူ ၁,၀၀၀ ဦးကို မေးမြန်းပြီး စစ်မှုထမ်းဥပဒေဂယက်နှင့် ဆက်စပ်အခြေအနေများကို စစ်တမ်းရယူခဲ့သည်။

စစ်တမ်းတွေ့ရှိချက်များထဲတွင် ကုန်ဈေးနှုန်းကြီးမားခြင်း၊ ငွေကြေးဖောင်းပွခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းတို့ကြောင့် အခြေခံလူတန်းစားအလွှာတွင် ထမင်းတနပ်လျှော့စားကြရသည့် အခြေအနေသို့ပင် ရောက်ခဲ့သည်ကိုတွေ့ရသည်။ အခြေခံပညာရေးအတွက် စစ်ကောင်စီကျောင်းများကိုသာ ရွေးချယ်နေကြသော်လည်း စစ်ကောင်စီ၏ ပညာရေးစနစ်ကို ယုံကြည်မှုမရှိကြောင်း ဆိုကြသည်။ စစ်မှုထမ်းဥပဒေကြောင့် အာဏာပိုင်များအား လာဘ်ပေးရသူများရှိသကဲ့သို့ စစ်ကောင်စီ အုပ်ချုပ်မှုအောက်ရှိ တက္ကသိုလ်များနှင့်ကျောင်းများသို့ ပြန်တက်ရသူများလည်း ရှိခဲ့သည်။ ရာဇဝတ်မှုများအတွက် စစ်ကောင်စီအုပ်ချုပ်ရေးရုံးများကို အဓိကထားတိုင်ကြားကြသော်လည်း ထိရောက်မှုမရှိသဖြင့် အချင်းချင်းညှိနှိုင်းမှုများ ပိုလုပ်နေကြရသည်။ တိုင်းရင်းသားဒေသများတွင်မူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) များနှင့် ဘာသာရေးခေါင်းဆောင်များကို အဓိက အားကိုးအားထားပြုနေရသည်။ အမျိုးသမီးများအနေနှင့်လည်း အိမ်တွင်းအကြမ်းဖက်ခံရသောအခါ အချင်းချင်းညှိနှိုင်းဖြေရှင်းခြင်းကိုသာ အများဆုံးလုပ်ဆောင်ကြသည်ကို တွေ့ရသည်။ သဘာဝဘေးကြုံရသည့်အခါတွင်လည်း ကူညီကယ်ဆယ်ရေးလုပ်ပေးမည့်အဖွဲ့များ နည်းပါးနေပြီး ရပ်ရွာအခြေပြု သာရေးနာရေးအဖွဲ့များကိုသာ အဓိက အားကိုးနေကြရသည်။

ယခုစစ်တမ်းတွေ့ရှိချက်များသည် ပြီးပြည့်စုံသောရလဒ်များမဟုတ်ဘဲ အကျယ်တဝင့် ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါဦးမည်။ ISP-Myanmar အနေနှင့် ၂၀၂၄ ခုနှစ် ဇူလိုင် ၁၄ ရက်က ပြုလုပ်ခဲ့သော **'ISP နှင့်အတူ မိနစ် ၃၀'** အစီအစဉ်တွင် **'ရှင်သူမှာပင် အသက်ရှူရပ်မတတ် - ရေနစ်သူ ဝါးကူထိုးသည့် စစ်မှုထမ်းဥပဒေ'** ခေါင်းစဉ်ဖြင့် သုတေသနတွေ့ရှိချက်များကို တင်ပြခဲ့သည်။ ယခု ဖော်ပြချက်များမှာ အဆိုပါတင်ပြမှုနှင့် တွဲဖက်လေ့လာနိုင်သော တွေ့ရှိချက်များဟု မှတ်ယူနိုင်ပါသည်။ စစ်တမ်းကောက်ယူမှုဆိုင်ရာ နည်းစနစ်များအကြောင်းကို **နောက်ဆက်တွဲ-၁** တွင် ဖတ်ရှုနိုင်ပါသည်။

---

ယခုစစ်တမ်းအတွက် ခေါင်းစဉ်ခွဲဖြစ်သော **'နိုင်ငံကျွမ်းဆောက်၊ ပြည်ကြာလျှင် မှောက်ကရှေ့မည်'**စာသားကို စလေဦးပုည၏ **'ဝိဇယပြဇာတ်'**မှ ရယူထားပါသည်။


**ကိုးကား** - တင်ထွေး။ **'ဦးပုည၏ စာပန်းကုံးများ'** (ပထမတွဲ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရန်ကုန်၊ ၁၉၉၁။

## ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် နောက်ဆက်တွဲဂယက်

မြန်မာနိုင်ငံအနှံ့ မြို့နယ် ၁၁၀ မှ စစ်တမ်းဖြေဆိုသူ ၁,၀၀၀ ဦးအနက် **၆၄ ဦး (ခြောက်ရာခိုင်နှုန်း)**က စစ်မှုထမ်းဥပဒေကြောင့် လွန်ခဲ့သောသုံးလအတွင်း (၂၀၂၄ ခုနှစ် ဧပြီမှ ဇွန်လအထိ) မိသားစုနှင့် ဆွေမျိုးများထဲတွင် စစ်ထဲဝင်ရသူရှိကြောင်း ဖြေဆိုပြီး **၉၃၆ ဦး (၉၄ ရာခိုင်နှုန်း)**က မရှိကြောင်း ဖြေဆိုသည်။

မေးခွန်း-၁


စစ်မှုထမ်းဥပဒေကြောင့် မိသားစုနှင့် ဆွေမျိုးထဲတွင် စစ်ထဲဝင်ရောက်ရသူ ရှိပါသလား။




မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရန် အကျုံးဝင်သူဦးရေ ၁၄ သန်းဝန်းကျင် (အမျိုးသား ၆ ဒသမ ၃ သန်းနှင့် အမျိုးသမီး ၇ ဒသမ ၇ သန်း) ရှိကြောင်း စစ်ကောင်စီက ပြောဆိုထားသည်။ ယင်းပမာဏသည် မြန်မာ့လူဦးရေ ၅၁ သန်းကျော်၏ ၂၇ ရာခိုင်နှုန်းကျော်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပထမအသုတ်သင်တန်းကို ၂၀၂၄ ခုနှစ် ဧပြီလတွင် စတင်ခေါ်ယူထားပြီး တလလျှင် သင်တန်းပတ်တကြိမ်၊ တကြိမ်လျှင် လူဦးရေ ၅,၀၀၀ နှုန်းဖြင့် တနှစ်လျှင် လူဦးရေ ၆၀,၀၀၀ ရရှိရန် စစ်ကောင်စီက ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် တလလျှင် အကျုံးဝင်လူဦးရေ၏ ၀ ဒသမ ၀၄ ရာခိုင်နှုန်း၊ တနှစ်လျှင် အကျုံးဝင်လူဦးရေ၏ ၀ ဒသမ ၄၃ ရာခိုင်နှုန်း စုဆောင်းမည့်သဘော ဖြစ်ပါသည်။ ယခုစစ်တမ်းဖြေဆိုသူ လူ ၁,၀၀၀ တွင် မိသားစုနှင့် ဆွေမျိုးများထဲ၌ စစ်မှုထမ်းဥပဒေကြောင့် စစ်ထဲဝင်ရသူ ၆၄ ဦး (၆ ရာခိုင်နှုန်း) ရှိနေသည်။

**မေးခွန်း-၂**

ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် မိသားစုနှင့် ဆွေမျိုးများထဲတွင် စစ်ထဲဝင်ရောက်ရသူ မည်မျှရှိခဲ့ပါသနည်း။





ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် မိသားစုနှင့် ဆွေမျိုးများထဲတွင် စစ်ထဲဝင်ရောက်ရသူများရှိကြောင်း ဖြေဆိုခဲ့သူ ၆၄ ဦးရှိပါသည်။ ထိုသူများအား **‘ဘယ်နှဦး ဝင်ရောက်ရသနည်း’**ဟု ဆက်လက်မေးမြန်းရာ အနည်းဆုံး **‘တဦး’**ဝင်ရောက်ရကြောင်း **ဖြေဆိုသူ ၄၀ ဦး (၆၅ ရာခိုင်နှုန်း)**ရှိပါသည်။ **‘နှစ်ဦး’**ရှိကြောင်း ဖြေဆိုသူ **၁၅ ဦး (၂၄ ရာခိုင်နှုန်း)**နှင့် **‘သုံးဦးမှ ငါးဦးအထိ’** ဝင်ရောက်ရကြောင်းဖြေဆိုသူ **ခုနစ်ဦး (၁၁ ရာခိုင်နှုန်း)** ရှိပါသည်။ ယခုစစ်တမ်းတွင် အကျိုးအကြောင်းမဆီလျော်သော အဖြေနှစ်ခုကို တွေ့ရှိခဲ့ရပြီး ယင်းတို့ကို ထည့်တွက်မထားပါ။

ထို့အပြင် ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် မိမိနှင့် မိသားစုအပေါ် သက်ရောက်မှုမရှိကြောင်း ဖြေသူ **၄၁၄ ဦး (၄၁ ရာခိုင်နှုန်း)**ရှိပြီး မိသားစုဝင်ငွေလျော့ကျသွားကြောင်း ဖြေဆိုသူ **၂၅၈ ဦး(၂၆ ရာခိုင်နှုန်း)**ရှိခဲ့သည်။ စစ်မှုထမ်းကင်းလွတ်ခွင့်ရရန် အာဏာပိုင်များထံ လာဘ်ထိုးရသူမှာလည်း **၁၇၃ ဦး (၁၇ ရာခိုင်နှုန်း)**ရှိပြီး စစ်ကောင်စီ၏ တက္ကသိုလ်နှင့် ကျောင်းများသို့ ပြန်လည်တက်ရောက်သူများရှိကြောင်း ဖြေဆိုသူ **၁၅၁ ဦး (၁၅ ရာခိုင်နှုန်း)**ရှိသည်။ နိုင်ငံရပ်ခြားသို့ ပြောင်းရွှေ့နေထိုင်ရကြောင်းဖြေသူများလည်း **၁၀၇ ဦး (၁၁ ရာခိုင်နှုန်း)**ရှိသည်။

**မေးခွန်း-၃**


ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် လွန်ခဲ့သောသုံးလအတွင်း သင်နှင့် သင့်မိသားစုဝင် တဦးဦးအပေါ် ဖော်ပြပါ မည်သည့်သက်ရောက်မှုများ ဖြစ်ခဲ့ပါသနည်း။




မေးခွန်း-၃ ကို မေးမြန်းရာတွင် တခုထက်ပိုသောအဖြေကိုလည်း ရွေးချယ်ခွင့်ပြုခဲ့ပါသည်။


**မေးခွန်း-၄**

နိုင်ငံရပ်ခြားသို့ တရားဝင်ပြောင်းရွှေ့နေထိုင်ရာတွင် မည်သည့်ရည်ရွယ်ချက်များ ရှိနေပါသနည်း။




**မေးခွန်း-၅**


နိုင်ငံရပ်ခြားသို့ သွားရောက်ရာတွင် မည်သည့်ငွေကြေးဖြင့် သွားရောက်ကြပါသနည်း။




မေးခွန်း-၅ ကို မေးမြန်းရာတွင် တခုထက်ပိုသောအဖြေကိုလည်း ရွေးချယ်ခွင့်ပြုခဲ့ပါသည်။

**မေးခွန်း-၆**

လွန်ခဲ့သောတလအတွင်း မိသားစုဝင်အတွက် သို့မဟုတ် မိမိကိုယ်တိုင်အတွက် လုံခြုံရေးအရ စိုးရိမ်ပူပန်မှုများ ရှိပါသလား။ ရှိသည်ဆိုပါက မည်မျှစိုးရိမ်ရပါသနည်း။




ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် မိသားစုနှင့် ဆွေမျိုးများထဲတွင် နိုင်ငံရပ်ခြားသို့ တရားဝင်နည်းလမ်းဖြင့် ပြောင်းရွှေ့နေထိုင်ရသူရှိကြောင်းဖြေဆိုသူ ၁၀၇ ဦးကို **'မည်သည့်ရည်ရွယ်ချက်ကြောင့် ပြောင်းရွှေ့သနည်း'**ဟု ဆက်လက်မေးမြန်းရာတွင် **၈၈ ဦး (၈၂ ရာခိုင်နှုန်း)**သည် အလုပ်လုပ်ကိုင်ရန်အတွက် ဖြစ်ကြောင်း ဆိုပါသည်။ **၆၅ ဦး (၆၁ ရာခိုင်နှုန်း)**က ၎င်းတို့စုဆောင်းထားသည့်ငွေဖြင့် သွားရောက်ကြောင်း ဖြေဆိုကြပြီး အခြားသူများထံမှချေးယူကာ သွားရောက်ရသည်ဟု ဖြေဆိုသူ **၅၆ ဦး (၅၂ ရာခိုင်နှုန်း)**လည်းရှိသည်။ ပစ္စည်းဥစ္စာများ ပေါင်နှံရောင်းချခြင်းနှင့် လယ်ယာမြေများရောင်းချကာ သွားရောက်သူများလည်း ရှိပါသည်။


စစ်တမ်းဖြေဆိုသူ ၁,၀၀၀ ဦးကို **'မိသားစုဝင်အတွက်၊ သို့မဟုတ် မိမိကိုယ်တိုင်အတွက် လုံခြုံရေးအရ စိုးရိမ်ပူပန်မှုများ ရှိပါသလား'**ဟု မေးမြန်းခဲ့ရာ **၄၂၄ ဦး (၄၂ ရာခိုင်နှုန်း)**က **'စိုးရိမ်ရသည်'**ကို ရွေးချယ်ကြပြီး **၂၆၀ ဦး (၂၆ ရာခိုင်နှုန်း)**က **'သာမန်'**ကိုရွေးချယ်ကြသည်။ **'အလွန်စိုးရိမ်ရသည်'**ဟု ဖြေဆိုသူ **၁၉၉ ဦး (၂၀ ရာခိုင်နှုန်း)**၊ **'မစိုးရိမ်ရပါ'**နှင့် **'လုံးဝမစိုးရိမ်ရပါ'**ဟု ဖြေဆိုသူ **၇၈ ဦး(ရှစ်ရာခိုင်နှုန်း)**နှင့် **၃၄ ဦး (သုံးရာခိုင်နှုန်း)** အသီးသီးရှိသည်။

## အခြေခံစားသောက်ကုန်အခက်အခဲနှင့် ဖြေရှင်းမှု

မြန်မာနိုင်ငံအနှံ့ မြို့နယ် ၁၁၀ မှ စစ်တမ်းဖြေဆိုသူ ၁,၀၀၀ ဦးအနက် ၃၉၆ ဦး (၄၀ ရာခိုင်နှုန်း)သည် လွန်ခဲ့သောသုံးလအတွင်း (၂၀၂၄ ခုနှစ် ဧပြီမှ ဇွန်လအထိ) အခြေခံစားသောက်ကုန် ဝယ်ယူရန် အခက်အခဲဖြစ်ခဲ့ကြောင်း ဖြေဆိုခဲ့ပြီး ကျန် ၆၀၄ ဦး (၆၀ ရာခိုင်နှုန်း)မှာ အခက်အခဲမဖြစ်ခဲ့ကြောင်း ဖြေဆိုပါသည်။


မေးခွန်း-၇

လွန်ခဲ့သောသုံးလအတွင်း မိသားစုတွင် ဆန်၊ ဆီ၊ ဆား စသည့် အခြေခံစားသောက်ကုန်များ မဝယ်ယူနိုင်သည့် အခြေအနေမျိုးကို ကြုံတွေ့ခဲ့ရပါသလား။



**မေးခွန်း-၈**

လွန်ခဲ့သောသုံးလအတွင်း မိသားစုတွင် ဆန်၊ ဆီ၊ ဆား စသည့် အခြေခံစားသောက်ကုန်များ မဝယ်ယူနိုင်သည့် အခြေအနေမျိုးကို ကြုံတွေ့ခဲ့ရသည်ဆိုလျှင် မည်သည့်အတွက်ကြောင့် ကြုံတွေ့ခဲ့ရပါသနည်း။





ဖြေဆိုသူ ၁,၀၀၀ ဦးအနက် ၃၉၆ ဦးက အခြေခံစားသောက်ကုန်ဝယ်ယူရာတွင် အခက်အခဲကြုံတွေ့ခဲ့ရသည်ဟု ဆိုခဲ့သည်။ အဆိုပါ ၃၉၆ ဦးအား **'မည်သည့်အတွက်ကြောင့် အခက်ကြုံခဲ့ရသနည်း'**ဟု ထပ်မံမေးမြန်းရာတွင် ၂၂၃ ဦး (၅၆ ရာခိုင်နှုန်း)က ကုန်ပစ္စည်းပြတ်လပ်မှုများကြောင့်ဟု ဖြေခဲ့သည်။ ထို့အပြင် **'မည်သည့်နည်းလမ်းများဖြင့် ဖြေရှင်းသနည်း'**ဟု ဆက်လက်မေးမြန်းရာ ၂၂၂ ဦး (၅၆ ရာခိုင်နှုန်း)က **'ပုံမှန်စားနေကျမဟုတ်သော ဈေးသက်သာသည့် အစားအစာများကိုစားသုံးခြင်းဖြင့် ဖြေရှင်းသည်'**ဟု ဆိုခဲ့သည်။ မိတ်ဆွေ၊ သူငယ်ချင်း၊ ဆွေမျိုးများ၏ အထောက်အပံ့ဖြင့် ဖြေရှင်းကြသူ များအပြင် ထမင်းတနပ်လျှော့စား၍ ဖြေရှင်းကြသူများလည်း ရှိနေသည်။

မေးခွန်း-၈ ကို မေးမြန်းရာတွင် တခုထက်ပိုသောအဖြေကိုလည်း ရွေးချယ်ခွင့်ပြုခဲ့ပါသည်။

**မေးခွန်း-၉**

လွန်ခဲ့သောသုံးလအတွင်း မိသားစုတွင် ဆန်၊ ဆီ၊ ဆား စသည့် အခြေခံစားသောက်ကုန်များ ဝယ်ယူနိုင်ခြင်းမရှိသောကြောင့် အစားအသောက်ပြတ်လပ်မှုကို မည်သည့်နည်းလမ်းများဖြင့် ဖြေရှင်းကြပါသနည်း။




မေးခွန်း-၉ ကို မေးမြန်းရာတွင် တခုထက်ပိုသောအဖြေကိုလည်း ရွေးချယ်ခွင့်ပြုခဲ့ပါသည်။

## ■ အခြေခံပညာရေးနှင့် ပညာရေးစနစ်အပေါ်ယုံကြည်မှု

နိုင်ငံအနှံ့ မြို့နယ် ၁၁၀ မှ စစ်တမ်းဖြေဆိုသူ ၁,၀၀၀ ဦးအား ၎င်းတို့ပတ်ဝန်းကျင်ရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် အခြေခံပညာသင်ယူမှုအခြေအနေနှင့်ပတ်သက်၍လည်း ကဏ္ဍခွဲ၍ မေးမြန်းခဲ့ပါသည်။ **‘စစ်ကောင်စီကဖွင့်လှစ်သော အခြေခံပညာကျောင်းများသို့ တက်ရောက်သူရှိပါသလား’**ဟု မေးမြန်းခဲ့ရာတွင် **၈၆၀ ဦး (၈၆ ရာခိုင်နှုန်း)**က **‘ရှိပါသည်’**ဟု ဖြေခဲ့သည်။ **‘အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကဖွင့်လှစ်သော အခြေခံပညာကျောင်းများသို့ တက်ရောက်သူ ရှိပါသလား’**ဟူသည့် မေးခွန်းအတွက် **၁၉၁ ဦး (၁၉ ဒသမ ၁ ရာခိုင်နှုန်း)**က **‘ရှိပါသည်’**ဟု ဖြေပါသည်။ စစ်တမ်းဖြေဆိုသူများ၏ အဖြေများတွင် ပုဂ္ဂလိက အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအား ရွေးချယ်သူများကိုလည်း တွေ့ရှိရပါသည်။ ပြည်တွင်းပြည်ပ လူမှုအဖွဲ့အစည်းများကဖွင့်သော အခြေခံပညာကျောင်းများတွင် တက်ရောက်နေသူများရှိကြောင်း ဖြေဆိုမှုမှာ အနည်းဆုံးဖြစ်ခဲ့သည်။ ဆက်လက်၍ အထက်ဖော်ပြပါ အဖွဲ့အစည်းများကဖွင့်သည့် အခြေခံပညာကျောင်းများ၏ ပညာရေးစနစ်အပေါ် ယုံကြည်မှုကိုလည်း မေးမြန်းခဲ့ပါသည်။

ရှိပါသည် | မရှိပါ | မဖြေဆိုလိုပါ | မသိပါ


မေးခွန်း-၁၀

စစ်ကောင်စီကဖွင့်လှစ်သော အခြေခံပညာကျောင်းများသို့ တက်နေသူများ ရှိပါသလား။




မေးခွန်း-၁၁


NUG ကဖွင့်လှစ်သော အခြေခံပညာကျောင်းများသို့ တက်နေသူများ ရှိပါသလား။



ရှိပါသည် | မရှိပါ | မဖြေဆိုလိုပါ | မသိပါ

**မေးခွန်း-၁၂**

ပြည်တွင်း/ပြည်ပ လူမှုရေးအဖွဲ့အစည်းများကဖွင့်သော အခြေခံပညာကျောင်းများသို့ တက်နေသူများ ရှိပါသလား။




**မေးခွန်း-၁၃**

ရပ်ကွက်၊ ကျေးရွာများကဖွင့်သော ကိုယ်ထူကိုယ်ထအခြေခံပညာကျောင်းများသို့ တက်နေသူများ ရှိပါသလား။




**မေးခွန်း-၁၄**

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ တက်နေသူများ ရှိပါသလား။




**မေးခွန်း-၁၅**

ပုဂ္ဂလိကအခြေခံပညာကျောင်းများသို့ တက်နေသူများ ရှိပါသလား။







**မေးခွန်း-၁၆**

စစ်ကောင်စီကဖွင့်သော အခြေခံပညာကျောင်းများက ပို့ချနေသည့် ပညာရေးစနစ်ကို ယုံကြည်မှု ရှိ၊ မရှိ။




**မေးခွန်း-၁၇**

NUG ကဖွင့်သော အခြေခံပညာကျောင်းများက ပို့ချနေသည့် ပညာရေးစနစ်ကို ယုံကြည်မှု ရှိ၊ မရှိ။





**မေးခွန်း-၁၈**


ပြည်တွင်း/ပြည်ပလူမှုအဖွဲ့အစည်းများက ဖွင့်သော အခြေခံပညာကျောင်းများ၏ပညာရေးစနစ်ကို ယုံကြည်မှု ရှိ၊ မရှိ။




**မေးခွန်း-၁၉**

ကိုယ်ထူကိုယ်ထ အခြေခံပညာကျောင်းများ၏ ပညာရေးစနစ်ကို ယုံကြည်မှု ရှိ၊ မရှိ။







အဖွဲ့အစည်းအသီးသီးက ဖွင့်လှစ်သော အခြေခံပညာကျောင်းများ၏ ပညာရေးစနစ်အပေါ် ယုံကြည်မှု ရှိ၊ မရှိကို ဆက်လက်မေးမြန်းခဲ့ရာ စစ်ကောင်စီကဖွင့်သော အခြေခံပညာကျောင်းများ၏ ပညာရေးစနစ်ကို မယုံကြည်ကြောင်း ဖြေဆိုသူ **၄၅၀ ဦး (၄၅ ရာခိုင်နှုန်း)** ရှိခဲ့သည်။ ယုံကြည်သူမှာ **၂၀၀ ဦး (၂၀ ရာခိုင်နှုန်း)** ရှိပါသည်။ NUG က ဖွင့်လှစ်သော အခြေခံပညာရေးကျောင်းများ၊ ပြည်တွင်းပြည်ပ လူမှုအဖွဲ့အစည်းများကဖွင့်လှစ်သော အခြေခံပညာကျောင်းများ၊ ကိုယ်ထူကိုယ်ထ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ပညာရေးစနစ်အပေါ် ယုံကြည်မှု ရှိ၊ မရှိနှင့်ပတ်သက်၍ **'မသိပါ'** ဟုဖြေဆိုသူ များပါသည်။ ပုဂ္ဂလိက အခြေခံပညာကျောင်းများ၏ ပညာရေးစနစ်ကို ယုံကြည်ကြောင်းဖြေသူမှာ **၄၈၅ ဦး (၄၈ ဒသမ ၅ ရာခိုင်နှုန်း)** ရှိပြီး အများဆုံးဖြစ်ပါသည်။

## အမှုအခင်းနှင့် ဖြေရှင်းမှုများ

အငြင်းပွားမှု၊ ဒုစရိုက်မှုများနှင့် ရာဇဝတ်မှုများဖြစ်ခဲ့ပါက စစ်ကောင်စီ၏ ရပ်ကျေးအုပ်ချုပ်ရေးရုံးများနှင့် ရဲစခန်းများကိုတိုင်ကြောင်း စစ်တမ်းဖြေဆိုသူ **၁,၀၀၀ ဦး**အနက် **၄၅၈ ဦး** (**၄၆ ရာခိုင်နှုန်း**)ကဖြေပါသည်။ အချင်းချင်း တိုင်ပင်ဖြေရှင်းကြကြောင်း **၄၃၄ ဦး** (**၄၃ ရာခိုင်နှုန်း**)က ဖြေဆိုပါသည်။ မည်သည့် အဖွဲ့အစည်းကိုမျှ မတိုင်ကြောင်း **၁၈၁ ဦး** (**၁၈ ရာခိုင်နှုန်း**)က ဖြေခဲ့ပြီး မည်သည့်ရာဇဝတ်မှုမျှ မဖြစ်ကြောင်း **၁၇၃ ဦး** (**၁၇ ရာခိုင်နှုန်း**)က ဆိုပါသည်။ ဘာသာရေးခေါင်းဆောင်များထံ တိုင်ကြားသူ **၉၇ ဦး** (**၁၀ ရာခိုင်နှုန်း**) ရှိပါသည်။

မေးခွန်း-၂၂


လွန်ခဲ့သောသုံးလအတွင်း (၂၀၂၄ ခုနှစ် ဧပြီမှ ဇွန်လအထိ) ပတ်ဝန်းကျင်ရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် အချင်းချင်း အငြင်းပွားမှု၊ ဒုစရိုက်မှုနှင့် ရာဇဝတ်မှုများ ဖြစ်ခဲ့သည်ကို ကြားသိပါသလား။ ကြားသိခဲ့သည်ဆိုလျှင် အောက်တွင်ဖော်ပြထားသော အဖွဲ့အစည်းများထဲက မည်သည့်အဖွဲ့အစည်းများကို တိုင်ကြားပါသနည်း။




မေးခွန်း-၂၂ ကို မေးမြန်းရာတွင် တခုထက်ပိုသောအဖြေကိုလည်း ရွေးချယ်ခွင့်ပြုခဲ့ပါသည်။


## မေးခွန်း- ၂၃

အငြင်းပွားမှု၊ ဒုစရိုက်မှုနှင့် ရာဇဝတ်မှုများကို တိုင်ကြားရာတွင် စစ်ကောင်စီ ရပ်ကျေးအုပ်ချုပ်ရေးရုံးများ၊ ရဲစခန်းများ၏ ဖြေရှင်းမှုက မည်မျှအတိုင်းအတာအထိ ထိရောက်မှုရှိပါသနည်း။





## မေးခွန်း- ၂၄

အငြင်းပွားမှု၊ ဒုစရိုက်မှုနှင့် ရာဇဝတ်မှုများကို တိုင်ကြားရာတွင် စစ်ကောင်စီတပ်၏ ဖြေရှင်းမှုက မည်မျှအတိုင်းအတာအထိ ထိရောက်မှုရှိပါသနည်း။




**မေးခွန်း- ၂၅**

အငြင်းပွားမှု၊ ဒုစရိုက်မှုနှင့် ရာဇဝတ်မှုများကို တိုင်ကြားရာတွင် ဘာသာရေးခေါင်းဆောင်များ၏ ဖြေရှင်းမှုက မည်မျှအတိုင်းအတာအထိ ထိရောက်မှုရှိပါသနည်း။





**မေးခွန်း- ၂၆**

အငြင်းပွားမှု၊ ဒုစရိုက်မှုနှင့် ရာဇဝတ်မှုများကို တိုင်ကြားရာတွင် အရပ်ဘက်အဖွဲ့အစည်းများ(CSOs)၊ လူမှုရေးအဖွဲ့များ၏ ဖြေရှင်းမှုက မည်မျှအတိုင်းအတာအထိ ထိရောက်မှုရှိပါသနည်း။




**မေးခွန်း-၂၇**

အငြင်းပွားမှု၊ ဒုစရိုက်မှုနှင့် ရာဇဝတ်မှုများကို တိုင်ကြားရာတွင် NUG လက်အောက်ခံမဟုတ်သော ဒေသခံ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ ဖြေရှင်းမှုက မည်မျှအတိုင်းအတာအထိ ထိရောက်မှုရှိပါသနည်း။





**မေးခွန်း-၂၈**

အငြင်းပွားမှု၊ ဒုစရိုက်မှုနှင့် ရာဇဝတ်မှုများကို တိုင်ကြားရာတွင် NUG၊ PDFs နှင့် ၎င်းတို့အုပ်ချုပ်ရေးအဖွဲ့များ၏ ဖြေရှင်းမှုက မည်မျှအတိုင်းအတာအထိ ထိရောက်မှုရှိပါသနည်း။



မေးခွန်း-၂၉

အငြင်းပွားမှု၊ ဒုစရိုက်မှုနှင့် ရာဇဝတ်မှုများကို တိုင်ကြားရာတွင် EAOs များနှင့် ၎င်းတို့အုပ်ချုပ်ရေးအဖွဲ့များ၏ ဖြေရှင်းမှုက မည်မျှအတိုင်းအတာအထိ ထိရောက်မှုရှိပါသနည်း။




**'အငြင်းပွားမှု၊ ဒုစရိုက်မှုနှင့် ရာဇဝတ်မှုများအတွက် တိုင်ကြားရာတွင် မည်မျှအတိုင်းအတာအထိ ထိရောက်သနည်း'**ဟု ဆက်လက်မေးမြန်းရာတွင် စစ်ကောင်စီ ရပ်ကျေးအုပ်ချုပ်ရေးရုံးများနှင့် ရဲစခန်းများသို့ တိုင်ကြားကြောင်း ဖြေဆိုသူ **၄၅၈ ဦးအနက် ၁၇၆ ဦး (၃၈ ရာခိုင်နှုန်း)**က အနည်းငယ်သာ ထိရောက်ကြောင်း ဖြေဆိုသည်။ စစ်ကောင်စီတပ်ထံတိုင်ကြားကြောင်း ဖြေဆိုသူ **၉၀ ဦးအနက် ၃၄ ဦး (၃၈ ရာခိုင်နှုန်း)**က အတိုင်းအတာတခုအထိ ထိရောက်ကြောင်း ဖြေဆိုကြသည်။


ဘာသာရေးခေါင်းဆောင်များထံ တိုင်ကြားကြောင်း ဖြေဆိုသူ **၉၇ ဦးအနက် ၄၃ ဦး (၄၄ ရာခိုင်နှုန်း)**က အတိုင်းအတာတခုအထိ ထိရောက်မှုရှိကြောင်း ဖြေဆိုပါသည်။ NUG လက်အောက်ခံမဟုတ်သော ဒေသခံ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များထံ တိုင်တန်းကြောင်း ဖြေဆိုသူ **၃၀ ဦးအနက် ၂၀ ဦး (၆၇ ရာခိုင်နှုန်း)**က အတိုင်းအတာတခုအထိ ထိရောက်ကြောင်း ဖြေဆိုသည်။ NUG၊ PDFs နှင့် ၎င်းတို့၏အုပ်ချုပ်ရေးအဖွဲ့များထံ တိုင်ကြားကြောင်း ဖြေဆိုသူ **၅၄ ဦးအနက် ၃၁ ဦး (၅၇ ရာခိုင်နှုန်း)**က အတိုင်းအတာတခုအထိ ထိရောက်ကြောင်း ဖြေဆိုကြသည်။ EAOs နှင့် ၎င်းတို့၏အုပ်ချုပ်ရေးအဖွဲ့များထံ တိုင်ကြားကြောင်း ဖြေဆိုသူ **၇၉ ဦးအနက် ၃၃ ဦး (၄၂ ရာခိုင်နှုန်း)**က အတိုင်းအတာတခုအထိ ထိရောက်ကြောင်းဖြေဆိုပြီး **၂၇ ဦး (၃၄ ရာခိုင်နှုန်း)**က အလွန်ထိရောက်ကြောင်း ဖြေဆိုသည်။

## ■ အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရမှု၊ ဖြေရှင်းမှုနှင့် ထိရောက်မှု

စစ်တမ်းဖြေဆိုသူ ၁,၀၀၀ ဦး အနက် ၂၈၇ ဦး (၂၉ ရာခိုင်နှုန်း)က လွန်ခဲ့သောသုံးလအတွင်း (၂၀၂၄ ခုနှစ် ဧပြီမှ ဇွန်လအထိ) အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရသည့် ဖြစ်ရပ်များကို ကြားသိရကြောင်း ဖြေဆိုကြပြီး ၆၄၃ ဦး (၆၄ ရာခိုင်နှုန်း)က မကြားသိရကြောင်း ဖြေဆိုကြပါသည်။ မသိပါဟု ဖြေဆိုသူ ခြောက်ရာခိုင်နှုန်းကျော်ရှိသည်။


မေးခွန်း-၃၀

လွန်ခဲ့သောသုံးလအတွင်း မိသားစုအပါအဝင် ဆွေမျိုးအသိုင်းအဝိုင်းအတွင်းတွင် အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရသည့် ဖြစ်ရပ်မျိုးကို ကြားသိရပါသလား။



မေးခွန်း-၃၁


လွန်ခဲ့သောသုံးလအတွင်း မိသားစုအပါအဝင် ဆွေမျိုးအသိုင်းအဝိုင်းအတွင်းတွင် အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရသည့် ဖြစ်ရပ်မျိုး ရှိသည်ဆိုလျှင် ခန့်မှန်းခြေအားဖြင့် မည်မျှအတိုင်းအတာအထိ ကြားသိရပါသနည်း။




လွန်ခဲ့သော သုံးလအတွင်း (၂၀၂၄ ခုနှစ် ဧပြီမှ ဇွန်လအထိ) အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရသည့်ဖြစ်စဉ်ကို ကြားသိခဲ့ရသူ ၂၈၇ ဦးရှိခဲ့သည်။ ထိုသူများအား **‘ခန့်မှန်းခြေအားဖြင့်မည်မျှအတိုင်းအတာအထိ ကြားသိခဲ့ရသနည်း’**ဟု ဆက်မေးခဲ့ရာ **‘တခါတရံ’**ဟုဖြေဆိုသူ **၁၉၀ ဦး (၆၆ ရာခိုင်နှုန်း)** ရှိခဲ့ပြီး **‘မကြာခဏ’**ဟု ဖြေဆိုသူ **၈၂ ဦး (၂၉ ရာခိုင်နှုန်း)** ရှိခဲ့ပါသည်။ **‘အမြဲတမ်းနီးပါး’** ကြားသိနေရသည်ဟု ဖြေသူမှာ **၁၁ ဦး (လေးရာခိုင်နှုန်း)** ရှိပါသည်။ ထို့ကြောင့် အိမ်တွင်း အကြမ်းဖက်ခံရသော အမျိုးသမီးများအနေနှင့် ထိုကိစ္စများအတွက် **‘မည်သည့်အဖွဲ့အစည်းများကို တိုင်ကြားဖြေရှင်းကြသနည်း’**ဟု ဆက်လက်မေးမြန်းခဲ့ရာ အချင်းချင်းတိုင်ပင် ဖြေရှင်းကြကြောင်း အများစုက ဖြေခဲ့ကြသည်။ ထို့အပြင် မည်သည့်အဖွဲ့အစည်းကိုမျှ မတိုင်ကြားဘဲ နှုတ်ဆိတ်နေခဲ့ခြင်းများလည်း ရှိခဲ့သည်။

**မေးခွန်း-၃၂**

လွန်ခဲ့သောသုံးလအတွင်း အိမ်တွင်းအကြမ်းဖက်ခံရသည့် အမျိုးသမီးများအနေနှင့် ယင်းကိစ္စများအတွက် မည်သည့်အဖွဲ့အစည်းများသို့ တိုင်ကြားဖြေရှင်းကြပါသနည်း။




မေးခွန်း-၃၂ ကို မေးမြန်းရာတွင် တခုထက်ပိုသောအဖြေကိုလည်း ရွေးချယ်ခွင့်ပြုခဲ့ပါသည်။ မေးမြန်းမှုထဲတွင် ‘NUG လက်အောက်ခံ မဟုတ်သည့် ဒေသခံလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ’နှင့် ‘မဖြေဆိုလိုပါ’တို့ကို ထည့်သွင်းခဲ့သော်လည်း ရွေးချယ်သူ တဦးမျှမရှိပါ။

အိမ်တွင်းအကြမ်းဖက်ခံရသော အမျိုးသမီးများအနေနှင့် ၎င်းတို့ကြုံတွေ့ရသည့် ကိစ္စများကို အချင်းချင်းတိုင်ပင်ဖြေရှင်းခြင်းနှင့် နှုတ်ဆိတ်လိုက်ခြင်းတို့အား အများဆုံးလုပ်ခဲ့သော်လည်း သက်ဆိုင်ရာ အဖွဲ့အစည်းများထံ တိုင်ကြားသူများလည်း ရှိခဲ့ပါသည်။ အထူးသဖြင့် စစ်ကောင်စီ (SAC) ရပ်ကျေးအုပ်ချုပ်ရေးမှူးရုံးများနှင့် ရဲစခန်းများထံ တိုင်ကြားသည်ဟု ဖြေဆိုသူ **၈၂ ဦး**ရှိခဲ့ပြီး ဘာသာရေးခေါင်းဆောင်များထံ တိုင်ကြားကြောင်းဖြေသူ **၃၀ ဦး** ရှိခဲ့ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) များနှင့် ၎င်းတို့၏အုပ်ချုပ်ရေးအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်း (CSOs) နှင့် လူမှုရေးအဖွဲ့များ၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်သူ့ကာကွယ်ရေးတပ် (PDFs) များနှင့် ၎င်းတို့၏ အုပ်ချုပ်ရေးအဖွဲ့များထံ တိုင်ကြားကြကြောင်း ဖြေသူများလည်းရှိပါသည်။


အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရသောကိစ္စများကို တိုင်ကြားကြောင်းဖြေသူများနှင့် ထိရောက်မှုအတိုင်းအတာကို ဆက်လက်မေးမြန်းရာ၌ စစ်ကောင်စီ (SAC) ၏ ရပ်ကျေးအုပ်ချုပ်ရေးရုံးများနှင့် ရဲစခန်းများသို့ တိုင်ကြားကြောင်း သိရသည်ဟု ဖြေဆိုသူ **၈၂ ဦးအနက် ၃၃ ဦး (၄၀ ရာခိုင်နှုန်း)** က အနည်းငယ်သာထိရောက်ကြောင်း ဖြေခဲ့ပြီး အတိုင်းအတာတခုအထိ ထိရောက်ကြောင်း ဖြေသူ **၃၀ ဦး (၃၇ ရာခိုင်နှုန်း)** ရှိသည်။

စစ်ကောင်စီတပ်ထံတိုင်ကြားကြောင်းသိရသည်ဟုဖြေဆိုသူ ရှစ်ဦးရှိသည့်အနက် လေးဦးက အတိုင်းအတာတခုအထိ ထိရောက်ကြောင်း ဖြေပါသည်။ ဘာသာရေးခေါင်းဆောင်များထံတိုင်ကြားကြောင်း သိရသည်ဟု ဖြေဆိုသူ **၃၀ ဦးအနက် ၁၈ ဦး (၆၀ ရာခိုင်နှုန်း)**က အနည်းငယ်သာထိရောက်ကြောင်း ပြောကြပြီး အတိုင်းအတာတခုအထိ ထိရောက်ကြောင်း ဖြေဆိုသူ **ခုနစ်ဦး (၂၃ ရာခိုင်နှုန်း)** လည်း ရှိသည်။ CSOs နှင့် လူမှုရေးအဖွဲ့များကို တိုင်ကြားကြောင်း သိရသည်ဟု ဖြေဆိုသူ **၁၀ ဦး**ရှိသည့်အနက် **ခုနစ်ဦး (၇၀ ရာခိုင်နှုန်း)**က အတိုင်းအတာတခုအထိ ထိရောက်ကြောင်း ပြောပါသည်။ NUG၊ PDFs များနှင့် ၎င်းတို့၏ အုပ်ချုပ်ရေးအဖွဲ့များထံ တိုင်ကြားကြောင်း သိရသည်ဟုဖြေသူ **ခြောက်ဦး**ရှိသည့်အနက် **သုံးဦး**ကသာ အတိုင်းအတာတခုအထိ ထိရောက်ကြောင်း ဖြေပါသည်။ EAOs များနှင့် ၎င်းတို့၏ အုပ်ချုပ်ရေးအဖွဲ့များထံ တိုင်ကြားကြောင်း သိရသည်ဟု ဖြေဆိုသူ **၁၆ ဦး**ရှိသည့်အနက် **လေးဦး (၂၅ ရာခိုင်နှုန်း)**က အနည်းငယ်ထိရောက်ကြောင်း ပြောခဲ့ပါသည်။ အတိုင်းအတာတခုအထိ ထိရောက်ကြောင်းဖြေသူ **ကိုးဦး (၅၆ ရာခိုင်နှုန်း)** ရှိပါသည်။

**မေးခွန်း-၃၇** အဖြစ် **'လွန်ခဲ့သောသုံးလအတွင်း အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရသောကိစ္စများကို NUG လက်အောက်ခံမဟုတ်သော ဒေသခံလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များထံ တိုင်ကြားသည့်အခါ မည်မျှအတိုင်းအတာအထိ ထိရောက်မှုရှိသည်ဟု ထင်ပါသနည်း'**ဟု မေးမြန်းခဲ့သော်လည်း ဖြေကြားသူ **တဦးမျှမရှိခဲ့ပါ**။


**မေးခွန်း-၃၃**

လွန်ခဲ့သောသုံးလအတွင်း အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရသောကိစ္စများကို စစ်ကောင်စီ ရပ်ကျေးအုပ်ချုပ်ရေးရုံးများနှင့် ရဲစခန်းများသို့ တိုင်ကြားသည့်အခါ မည်မျှအတိုင်းအတာအထိ ထိရောက်မှုရှိသည်ဟု ထင်ပါသနည်း။





**မေးခွန်း-၃၄**

လွန်ခဲ့သောသုံးလအတွင်း အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရသော ကိစ္စများကို စစ်ကောင်စီတပ်သို့ တိုင်ကြားသည့်အခါ မည်မျှအတိုင်းအတာအထိ ထိရောက်မှုရှိသည်ဟု ထင်ပါသနည်း။




**မေးခွန်း-၃၅**

လွန်ခဲ့သောသုံးလအတွင်း အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရသောကိစ္စများကို ဘာသာရေးခေါင်းဆောင်များထံ တိုင်ကြားသည့်အခါ မည်မျှအတိုင်းအတာအထိ ထိရောက်မှုရှိသည်ဟု ထင်ပါသနည်း။





**မေးခွန်း-၃၆**

လွန်ခဲ့သောသုံးလအတွင်း အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရသောကိစ္စများကို အရပ်ဘက်အဖွဲ့အစည်းများ (CSOs)နှင့် လူမှုရေးအဖွဲ့များသို့ တိုင်ကြားသည့်အခါ မည်မျှအတိုင်းအတာအထိ ထိရောက်မှုရှိသည်ဟု ထင်ပါသနည်း။




**မေးခွန်း-၃၈**

လွန်ခဲ့သောသုံးလအတွင်း အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရသော ကိစ္စများကို NUG၊ PDF နှင့် ၄င်းတို့၏ အုပ်ချုပ်ရေးအဖွဲ့များသို့ တိုင်ကြားသည့်အခါ မည်မျှအတိုင်းအတာအထိ ထိရောက်မှုရှိသည်ဟု ထင်ပါသနည်း။




**မေးခွန်း-၃၉**


လွန်ခဲ့သောသုံးလအတွင်း အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရသောကိစ္စများကို EAOs များနှင့် ၄င်းတို့၏ အုပ်ချုပ်ရေးအဖွဲ့များသို့ တိုင်ကြားသည့်အခါ မည်မျှအတိုင်းအတာအထိ ထိရောက်မှုရှိသည်ဟု ထင်ပါသနည်း။



## သယံဇာတထုတ်လုပ်မှု၊ သဘာဝဘေးနှင့် ကူညီကယ်ဆယ်ရေး

**မေးခွန်း-၄၀**

သင့်ဒေသတွင် သစ်ထုတ်လုပ်မှုနှင့် သယံဇာတတူးဖော်မှုများ ရှိပါသလား။ ရှိသည်ဆိုလျှင် ယင်းလုပ်ငန်းများက သင့်ဒေသ၏ သဘာဝပတ်ဝန်းကျင်အပေါ် မည်သည့်သက်ရောက်မှုများ ရှိပါသနည်း။





စစ်တမ်းဖြေဆိုသူ **၁,၀၀၀ ဦး**အနက် သစ်ထုတ်လုပ်မှုနှင့် သယံဇာတတူးဖော်မှုများကြောင့် နောက်ဆက်တွဲ သက်ရောက်မှုများအဖြစ် **'အပူလွန်ကဲလာသည်'**ဟု ဖြေဆိုသူ **၄၄၆ ဦး (၄၅ ရာခိုင်နှုန်း)**၊ **'သစ်တောပြုန်းတီးမှုများ ပိုဆိုးရွားလာသည်'**ဟုဖြေဆိုသူ **၃၄၀ ဦး (၃၄ ရာခိုင်နှုန်း)**ရှိသည်။ ရေကြီးကြောင်းဖြေဆိုသူ **၂၂၉ ဦး**နှင့် လယ်ယာမြေနှင့် စိုက်ပျိုးရေးလုပ်ငန်းများပျက်စီးကြောင်း ဖြေဆိုသူ **၂၂၆ ဦး**၊ ရာခိုင်နှုန်းအားဖြင့် **၂၃ ရာခိုင်နှုန်းစီ** အသီးသီးရှိကြသည်။ **၂၀၃ ဦး (၂၀ ရာခိုင်နှုန်း)**က မိုးခေါင်ခြင်း၊ **၁၈၆ ဦး (၁၉ ရာခိုင်နှုန်း)**က လေထုညစ်ညမ်းခြင်း၊ **၁၆၀ ဦး (၁၆ ရာခိုင်နှုန်း)**က သောက်သုံးရေရှားပါးခြင်းနှင့် **၁၃၄ ဦး (၁၃ ရာခိုင်နှုန်း)**က မြေပြိုခြင်းတို့ကို ရွေးချယ်သည်။ **၄၂၂ ဦး (၄၂ ရာခိုင်နှုန်း)** ကမူ ၎င်းတို့ဒေသ၌ သစ်ထုတ်လုပ်ခြင်းနှင့် သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းများ မရှိကြောင်း ဖြေဆိုသည်။

---

မေးခွန်း-၄၀ ကို မေးမြန်းရာတွင် တခုထက်ပိုသောအဖြေကိုလည်း ရွေးချယ်ခွင့်ပြုခဲ့ပါသည်။

မေးခွန်း-၄၁


လွန်ခဲ့သောသုံးလအတွင်း (၂၀၂၄ ခုနှစ် ဧပြီမှ ဇွန်လအထိ) မိမိဒေသတွင် သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရပါသလား။




စစ်တမ်းဖြေဆိုသူ ၁,၀၀၀ ဦးအနက် လွန်ခဲ့သောသုံးလအတွင်း သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသူ **၂၉၉ ဦး** (၃၀ ရာခိုင်နှုန်း)ရှိပြီး **၇၀၁ ဦး** (၇၀ ရာခိုင်နှုန်း)က မကြုံတွေ့ရကြောင်း ဖြေဆိုသည်။ ကြုံတွေ့ရကြောင်းဖြေဆိုသူများကို **'သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသည်ဆိုလျှင် မည်သည့်အဖွဲ့အစည်းများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြပါသနည်း'**ဟု ဆက်လက်မေးမြန်းရာတွင် ရပ်ရွာသာရေးနာရေးအဖွဲ့အစည်းများကသာ အဓိကဆောင်ရွက်ခဲ့ကြောင်း ဖြေဆိုသူ **၁၃၂ ဦး** (၄၄ ရာခိုင်နှုန်း)က ပြောပါသည်။ မည်သည့်အဖွဲ့အစည်းကမျှ မဆောင်ရွက်ပေးကြောင်း ဖြေဆိုသူ **၁၂၁ ဦး** (၄၁ ရာခိုင်နှုန်း)ရှိကာ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ စသည့် စစ်ကောင်စီ၏အဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးသည်ဟု ဖြေဆိုသူ **၄၆ ဦး** (၁၅ ရာခိုင်နှုန်း)ရှိခဲ့ပါသည်။

**မေးခွန်း-၄၂**

သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသည်ဆိုလျှင် မည်သည့်အဖွဲ့အစည်းများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြပါသနည်း။




မေးခွန်း-၄၂ ကို မေးမြန်းရာတွင် တခုထက်ပိုသောအဖြေကိုလည်း ရွေးချယ်ခွင့်ပြုခဲ့ပါသည်။

## နောက်ဆက်တွဲ-၁

## စစ်တမ်းကောက်ယူမှု နည်းစနစ်


အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာအခြေအနေများကို သုတေသနပြု လေ့လာနိုင်ရန် နိုင်ငံအနှံ့ မြို့နယ်စုစုပေါင်း ၃၃၀ ၏သုံးပုံတပုံဖြစ်သော မြို့နယ် ၁၁၀ တွင် ဒေသဆိုင်ရာ အချက်အလက်များကို ၂၀၂၃ ခုနှစ် မေလမှစပြီး ISP-Myanmar ၏ Research Network အစီအစဉ် က လစဉ် ကောက်ယူလျက်ရှိပါသည်။ မြို့နယ် ၁၁၀ ကို ရွေးချယ်ရာတွင် ခရိုင်မြို့နယ် ၇၅ ခုကို ဦးစား ပေးရွေးချယ်ခဲ့ပါသည်။ ထိုသို့ရွေးချယ်ရခြင်းမှာ ခရိုင်မြို့နယ်များတွင် အုပ်ချုပ်ရေး၊ အထွေထွေဝန် ဆောင်မှုများနှင့်ပတ်သက်သော ဌာနဆိုင်ရာရုံးများ တည်ရှိသဖြင့် သတင်းအချက်အလက်လေ့လာ ရာ၌ ပိုမိုပြည့်စုံနိုင်သောကြောင့် ဖြစ်ပါသည်။ ကျန် ၃၅ မြို့နယ်ကို ရွေးချယ်ရာတွင် လူဦးရေအများ ဆုံးဖြစ်ခြင်းနှင့် စီးပွားရေးအရအချက်အချာကျခြင်းတို့အပေါ် ဦးစားပေးခဲ့ပါသည်။ ယခုကဲ့သို့ရွေးချယ် ရာတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းနှင့် ပြည်နယ်အားလုံး ပါဝင်အောင်လည်း ရွေးချယ်ခဲ့ပါသည်။

စစ်ကောင်စီ၏ ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်ပြီးနောက်ပိုင်း ၂၀၂၄ ခုနှစ် ဧပြီမှ ဇွန်လအထိ သုံးလတာကာလအတွင်း ပြည်သူများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော လူမှုစီးပွား သက်ရောက်မှုအခြေ အနေကို သိနိုင်ရန် ပြုလုပ်ခဲ့သော ယခုသဘောထားအမြင်စစ်တမ်းကို ISP Research Network ၏ အစီအစဉ်ဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀ ရက်အထိ ကောက်ယူခဲ့ပါသည်။ ထိုသို့ ကောက်ယူရာ တွင် ပထမဆုံးအဆင့်အနေဖြင့် ကနဦးပြင်ဆင်ခြင်းနှင့် စစ်တမ်းဒီဇိုင်းရေးဆွဲခြင်းတို့ကို လုပ်ဆောင် ခဲ့ပါသည်။ ထိုအဆင့်တွင် စစ်တမ်းကောက်ယူရသော ရည်ရွယ်ချက်ကိုလည်း ဆန်းစစ်ခဲ့ပါသည်။ အဓိက ရည်ရွယ်ချက်သုံးရပ်မှာ (၁) ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် ပြည်သူများ၏လူမှုစီးပွားဘဝ အပြောင်းအလဲများကို လေ့လာရန်၊ (၂) မြို့နယ် ၁၁၀ မှ လစဉ်ကောက်ယူရရှိသော အချက်အလက် များနှင့် ချိန်ထိုးစိစစ်ရန်နှင့် (၃) ပြည်သူများအနေနှင့် လက်ရှိ ကြုံတွေ့နေရသော နေ့စဉ် လူမှုဘဝ အခက်အခဲများကို မည်သို့ဖြေရှင်းနေကြသည်ကို လေ့လာရန်တို့ဖြစ်သည်။

အထက်ဖော်ပြပါ စစ်တမ်းရည်ရွယ်ချက်အပေါ်တွင် အခြေခံပြီး စစ်တမ်းမေးခွန်းများ ပြင်ဆင်ခြင်းကို ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ စစ်တမ်း မေးခွန်းများ ပြင်ဆင်ရာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေ သက်ရောက်မှုများအပါအဝင် အခြေခံစား သောက်ကုန်အခက်အခဲ၊ အိမ်တွင်းအကြမ်းဖက်ခံရမှု၊ အခြေခံပညာရေး၊ သယံဇာတတူးဖော်မှု၊ သဘာဝဘေးနှင့် ကူညီကယ်ဆယ်ရေး၊ မြို့နယ်အုပ်ချုပ်ရေး စသည့်အခြေအနေများနှင့် ဆက်စပ် သောမေးခွန်း စုစုပေါင်း ၄၂ ခု မေးမြန်းခဲ့ပါသည်။

အချက်အလက်ကောက်ယူပုံနည်းစနစ်မှာ ကိန်းဂဏန်းအခြေပြု လေ့လာဆန်းစစ်မှုနည်းစနစ်ကို အဓိကအသုံးပြုခဲ့ပါသည်။ စစ်တမ်းမေးမြန်းရန် နမူနာလူဦးရေ (sample population) အတွက် ရွေးချယ်မှု မူဘောင် (sampling frame) သတ်မှတ်ခဲ့ပြီး မြို့နယ် ၁၁၀ တွင် တမြို့နယ်လျှင် ဒေသခံ ၁၀ ဦးနှုန်းဖြင့် စုစုပေါင်း ၁,၁၀၀ ဦးကို စစ်တမ်းမေးခွန်းများ မေးမြန်းရန် စီစဉ်ခဲ့ပါသည်။ သို့ရာတွင် နိုင်ငံရေး၊ စစ်ရေးပဋိပက္ခများနှင့် စစ်ဘေးရှောင်ရမှု၊ ရေကြီးရေလျှံခြင်းကဲ့သို့သော သဘာဝဘေးများ စသည့် အခက်အခဲများကြောင့် ၁,၀၀၀ ဦးကိုသာ မေးမြန်းနိုင်ခဲ့သလို နှောင့်နှေးကြန့်ကြာမှုများလည်း ရှိခဲ့ပါသည်။


■ ဖြေဆိုသူ ကျား၊ မနှင့် အခြား




■ စစ်တမ်းကောက် ရပ်ကွက်နှင့် ကျေးရွာအချိုး




ISP-Myanmar အနေနှင့် မြို့နယ် ၁၁၀ ၌ လူမှုစီးပွားအချက်အလက်များကို လစဉ်ကောက်ယူရာတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုဟူ၍ သတ်မှတ်ကောက်ယူလျက်ရှိသော်လည်း ယခုသဘောထားအမြင်စစ်တမ်းအတွက် ကောက်ယူရာတွင်မူ အချက်အလက်ရယူရန် အခက်အခဲရှိခြင်းကြောင့် ရပ်ကွက်နှင့် ကျေးရွာများတွင် နေထိုင်သူများကိုသာ ဦးတည်မေးမြန်းခဲ့ပါသည်။




ရွေးချယ်ကောက်ယူနည်း (purposive sampling) ကို အသုံးပြုမည်ဖြစ်သောကြောင့် စစ်တမ်းတွင် ပါဝင်မည့်သူများအား ရွေးချယ်ရာတွင် တိကျသောစံနှုန်းများကို ထားရှိခဲ့ပါသည်။ ယင်းတို့မှာ (၁) မြို့နယ်အတွင်း နေထိုင်သည့် ဒေသခံ ၁၀ ဦးဖြစ်ရန်၊ (၂) တမြို့နယ်လျှင် အနည်းဆုံး အမျိုးသမီးငါးဦး ပါဝင်ရန်၊ (၃) ထို ၁၀ ဦးသည် အနည်းဆုံး ရပ်ကွက်နှင့် ကျေးရွာ ငါးခုစီမှဖြစ်ရန်၊ သို့မဟုတ် အချို့မြို့နယ်များတွင် ကျေးရွာမရှိလျှင် ရပ်ကွက်တွင်နေထိုင်သောဒေသခံများကိုမေးမြန်းရန်နှင့် (၄) အသက် ၁၈ နှစ်မှ ၆၀ နှစ်အတွင်းဖြစ်ရန်တို့ ဖြစ်ပါသည်။

အချက်အလက်ကောက်ယူသူများအနေနှင့် စစ်တမ်းဖြေဆိုသူများကို မေးခွန်းများမေးမြန်းရာတွင် အဆင်ပြေသည့်နည်းလမ်း (ဖုန်း၊ အင်တာနက်၊ လူတွေ့) တို့ဖြင့် မေးမြန်းစေခဲ့ပါသည်။ စစ်တမ်းကောက်ယူခြင်းအတွက် ISP-Myanmar က ချမှတ်ထားသော လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း (security protocol) ပါ ညွှန်ကြားချက်များနှင့်အညီ ရယူစေခဲ့ပါသည်။ ဖြေဆိုခဲ့ကြသူများ၏ ကိုယ်ရေးအချက်အလက်များနှင့် ဖြေဆိုချက်များကို အချက်အလက်စိစစ်ရေးမူဝါဒနှင့်အညီ လုံခြုံစွာ သိမ်းဆည်းထားရှိမည့်အကြောင်းကိုလည်း စစ်တမ်းကောက်ယူနေစဉ်အတွင်း အသိပေးခြင်းနှင့် သဘောတူညီချက်ရယူခြင်းတို့ လုပ်ဆောင်ခဲ့ပါသည်။ စစ်တမ်းမေးမြန်းပြီးသောအခါတွင်လည်း အချက်အလက်ကောက်ယူသူများအနေနှင့် ISP-Myanmar က သတ်မှတ်ထားသော နည်းစနစ်နှင့်အညီ အချက်အလက်များကို သိမ်းဆည်းခဲ့ပါသည်။ ■

ISP နှင့်အတူ မိနစ် ၃၀

30 MINUTES with the ISP

# ရှင်သူမှာပင် အသက်ရှူရပ်မတတ်

## ရေနစ်သူ ဝါးကူထိုးသည့် စစ်မှုထမ်းဥပဒေ

ISP-Myanmar အနေနဲ့ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၄ ရက်က ပြုလုပ်ခဲ့တဲ့ ‘ISP နှင့်အတူ မိနစ် ၃၀’ အစီအစဉ်မှာ ‘ရှင်သူမှာပင် အသက်ရှူရပ်မတတ် - ရေနစ်သူ ဝါးကူထိုးသည့် စစ်မှုထမ်းဥပဒေ’ ခေါင်းစဉ်နဲ့ သုတေသနတွေ့ရှိချက်တွေကို တင်ပြခဲ့ပါတယ်။ အဲဒီ ဆွေးနွေးမှုဗီဒီယိုဖိုင်ကို ISP-Myanmar ရဲ့ YouTube Channel မှာ ဝင်ကြည့်နိုင်ပါတယ်။ ဝက်ဘ်ဆိုက်မှာဆိုရင်တော့ ရုပ်သံဖိုင်အပြင် ဆွေးနွေးချက်မှတ်တမ်း PDF ဖိုင်တွေကိုပါ အင်္ဂလိပ်ဘာသာနဲ့ရော မြန်မာဘာသာနဲ့ပါ ရယူဖတ်ရှုနိုင်ပါတယ်။

SCAN THIS CODE

Institute for Strategy and Policy-Myanmar

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai, 50202.

info@ISPMyanmar.com

www.ISPMyanmar.com